**စံချိန်စံညွှန်းညီ လုပ်ထုံးလုပ်နည်းများ (SOPs) - ကနဦးလိုအပ်ချက်လေ့လာဆန်းစစ်ခြင်း**

အသေးစားနှင့် အလယ်အလတ်အဆင့် သဘာဝဘေးအန္တရာယ် ရုတ်တရက် ကျရောက်ချိန် အရေးပေါ်အခြေအနေတွင် ကနဦးလိုအပ်ချက်လေ့လာဆန်းစစ်ခြင်း (RNA) သည် လူသားချင်းစာနာမှုဆိုင်ရာ အသိုင်းအဝိုင်း၏ အရေးပေါ်တုံ့ပြန်မှု ပထမဆုံးခြေလှမ်းများထဲမှ တစ်ခုဖြစ်သည်။ RNA သည် ကနဦး ဦးစားပေးတုံ့ပြန်မည့် လိုအပ်ချက်များကို လျင်မြန်စွာ ဖော်ထုတ် စိစစ် သတ်မှတ်ပေးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ RNA သည် လူသားချင်းစာနာမှုဆိုင်ရာ အသိုင်းအဝိုင်းအား စုစည်းထားသော လိုအပ်ချက်ဆိုင်ရာသတင်းအချက်အလက်များကို ပံ့ပိုးပေးခြင်းဖြင့် အရေးပေါ် အခြေအနေအစောပိုင်းကာလတွင်း ဆုံးဖြတ်ချက်ချမှတ်ခြင်းများနှင့် အရေးပေါ်တုံ့ပြန် ဆောင်ရွက်ခြင်းများကို လျင်မြန်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်သည်။

RNA သည် ဘေးဒဏ်ခံရသည့်လူထု၏ လိုအပ်ချက်များနှင့် ရပ်ရွာအတွင်း ကနဦး ဦးစားပေးကူညီ ထောက်ပံ့ဖြန့်ဝေမှုများနှင့် ဆက်စပ်နေသည့် အခြေခံအချက်အလက်များကို စိစစ်ထုတ်ဖော်ပေးနိုင်စေမည့် စံချဉ်းကပ်နည်းလမ်းတစ်ရပ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ဖော်ပြပါရည်မှန်းချက်များကို အထောက်အကူ ဖြစ်စေသည်။ RNA သည် ဘေးဒဏ်ခံရသည့်ဒေသများနှင့် လူထုအတွက် အကူအညီအလိုအပ်ဆုံးအချက်များအပေါ် အများ၏ ကနဦး နားလည်မှုတစ်ခု ရရှိစေသည်။ RNA သည် ပိုမိုအသေးစိတ်ပြီး လုပ်ငန်းဆောင်ရွက်မှုကို အဓိကထားသည့် အခြားနောက်ဆက်တွဲ လိုအပ်ချက်ဖော်ထုတ်သည့်စစ်တမ်းများ (ကဏ္ဍပေါင်းစုံ ကနဦး လိုအပ်ချက် လေ့လာဆန်းစစ်ခြင်း MIRA နှင့် အစုအဖွဲ့ဆိုင်ရာစစ်တမ်းများ) အတွက်လည်း အထောက်အကူဖြစ်စေသည်။

သဟဇာတဖြစ်သော ဆန်းစစ်လေ့လာမှုနည်းလမ်းသည် ကွဲပြားသော လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်များ အတွက် (စွမ်းဆောင်ရည်၊ လက်လှမ်းမီနိုင်မှု၊ ရရှိနိုင်မှု အစရှိသည်တို့ အပေါ်မူတည်၍) လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များအပေါ် တူညီသောနားလည်သိရှိမှုရရှိစေသည်။

**RNA ၏ ရည်ရွယ်ချက်/ ရည်မှန်းချက်များ** - RNA ၏ ရည်မှန်းချက်မှာ အဓိကကျသော လူသားချင်းစာနာ မှုဆိုင်ရာ ဆုံးဖြတ်ချက်ချသူများအနေနှင့် တူညီလက်ခံနားလည်ထားသောအချက်များဖြင့် ဘေးဖြစ်ပွားပြီး ကနဦး နေ့ရက်များတွင် ဖြစ်ပွားခဲ့သော ဘေး၏ သဘောသဘာဝနှင့် ပြင်းအားအခြေအနေ ဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများ ပြုလုပ်နိုင်စေရန်နှင့် မဟာဗျူဟာမြောက် လူသားချင်းစာနာမှုဆိုင်ရာ ဦးစားပေးအစီအစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပံ့ပိုးကူညီရန် ဖြစ်သည်။

၁။ ချက်ခြင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ဆုံးဖြတ်ချက်ချနိုင်ရန် အခြေအနေ၏အတိုင်းအတာနှင့် ပြင်းထန်မှု ပမာဏဆိုင်ရာ အကြောင်းအရာအချက်အလက်များ စုဆောင်းရန်။

က. ဘေးဒဏ်ခံရသူများ၏ တည်နေရာနှင့် ခန့်မှန်းအရွယ်အစား။

ခ. မတူကွဲပြားသည့် ဘေးဒဏ်ခံရသောအုပ်စုများ၏ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် ဦးစားပေး သတ်မှတ်ချက်များကို ဖော်ထုတ်ရန်။

၂။ ကဏ္ဍပေါင်းစုံ ကနဦး လိုအပ်ချက် လေ့လာဆန်းစစ်ခြင်း MIRA (သို့) အခြားအစုအဖွဲ့ဆိုင်ရာ လေ့လာ ဆန်းစစ်မှုများမှ အကြောင်းအရာအချက်အလက် ကွာဟမှုများကို ဖော်ပြရန်။

**အရေးပေါ်အခြေအနေအဆင့်**

ကနဦးလိုအပ်ချက်လေ့လာဆန်းစစ်ခြင်း (RNA) ကို အရေးပေါ်အခြေအနေဖြစ်ပွားပြီး ပထမ ရက်သတ္တပါတ် တစ်ပါတ်မပြည့်မီဆောင်ရွက်ရန်ဖြစ်ပြီး အရေးပေါ်အခြေအနေဖြစ်ပွားပြီး ရက်သတ္တပါတ် တစ်ပါတ်အတွင်းတွင် ကနဦးအစီရင်ခံစာ အဆင်သင့်ဖြစ်ရမည်။

**စစ်တမ်းကောက်ယူရာတွင် သုံးစွဲမည့်စနစ်/ နမူနာပုံစံ**

**<u>မှီငြမ်း အချက်အလက်ကောက်ယူခြင်း</u>**

ကြိုတင်ပြင်ဆင်မှု လုပ်ဆောင်နေဆဲအဆင့်တွင် ယခင်ရှိပြီးဖြစ်သော သတင်းအချက်အလက်များကို စာရင်းပြုစုထားရှိရမည်။ ဘေးဖြစ်ပြီး ၄၈ နာရီအတွင်းတွင် အကြောင်းအရာအချက်အလက်များကို စုဆောင်းကာ စိစစ်လေ့လာပြီး အဆိုပါသတင်းအချက်အလက်များအပေါ်အခြေခံ၍ ကနဦးအစီရင်ခံစာ (ပျှမ်းမျှ ၃-၆ စာမျက်နှာခန့်) အား အရေးပေါ်အခြေအနေဖြစ်ပွားပြီး ၇၂ နာရီအတွင်းတွင်အဆင်သင့်ရှိစေရမည်။ အဆိုပါအစီရင်ခံစာတွင် မည်သည့် ကနဦးကွင်းဆင်းစိစစ်အထောက်အထား ကိုမဆို ထည့်သွင်းဖော်ပြထားရမည်။

**သတင်းအချက်အလက်များ ရယူနိုင်မည့်အရင်းအမြစ်များမှာ** - အစုအဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ လေ့လာဆန်းစစ်ချက်များ၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန အပါအဝင် အခြားဆက်စပ်သည့် ယခင်အစိုးရ (သို့) လက်ရှိအာဏာပိုင်များ၏ထုတ်ပြန်ချက်များ၊ ပြည်တွင်းရှိမိတ်ဖက်အဖွဲ့အစည်းများ၊ မီဒီယာများနှင့် ကုလသမဂ္ဂ၏ ဘေးကင်းရေးနှင့် လုံခြုံရေးဌာန (UNDSS) တို့ဖြစ်ပြီး အခြားသတင်းအရစ်အမြစ်များမှလည်း စုဆောင်းနိုင်သည်။ မေးမြန်းရမည့် အဓိကမေးခွန်းများမှာ -

- ဘေးဒဏ်ခံရသည့်နေရာကိုဖော်ပြပါ။
- ဘေးမဖြစ်မီ အခြေအနေ ကိုဖော်ပြပါ။
- ကြိုတင်သိရှိပြီးဖြစ်သော ဘေးဖြစ်ရပ်၏ ထိခိုက်စေမှုများ ကိုဖော်ပြပါ။
- ကြီးမားသော သတင်းအချက်အလက်ကွာဟမှုများ ရှိပါသလား။
- လက်ရှိဘေးဒဏ်ခံရသည့်နေရာ (သို့) ပတ်ဝန်းကျင်ဒေသများတွင် အလားတူဘေးများ ဖြစ်ပွားခဲ့ဖူးခြင်း ရှိပါသလား။
- ယခင်လေ့လာတွေ့ရှိချက်များ ကိုဖော်ပြပါ။
- အုပ်ချုပ်ရေးနယ်မြေ မည်မျှထိခိုက်သနည်း။
- ဘေးဒဏ်ခံရသည့်လူဦးရေ ပျှမ်းမျှအရေအတွက် ကိုဖော်ပြပါ။ (ကျား/မနှင့် အသက်အရွယ်အလိုက်ခွဲခြားထားသည့် အချက်အလက် SADD+ မသန်စွမ်းသူများ Disability ရှိပါက ထည့်သွင်းဖော်ပြရန်)
- ယခင်က ရှိပြီးဖြစ်သော ထိခိုက်လွယ်မှုအကြောင်းအရာအချက်အလက်များ
- လက်ရှိနေထိုင်နေသော လူဦးရေနှင့် တည်နေရာအနေအထား
- အခြားသက်ဆိုင်မှုရှိသော အချက်အလက်များ

## အခြေခံအချက်အလက်ကောက်ယူခြင်း

**အဓိကသတင်းအချက်အလက်ပေးသူများ(Key Informant - KI)နှင့် တွေ့ဆုံမေးမြန်းခြင်း** - ရုတ်တရက်ဖြစ်ပေါ်သော အရေးပေါ် အခြေအနေနောက်ပိုင်းတွင် သတင်းအချက်အလက်များ အလျင်အမြန် ကောက်ယူနိုင်စေရန် အဓိကသတင်း အချက်အလက် ပေးသူများကိုကြိုတင်သတ်မှတ်ရန်ဖြစ်သည်။ သို့မှသာ KIs များ ထံ လျင်မြန်စွာဆက်သွယ်၍ စစ်တမ်းကောက်ယူနိုင်မည်ဖြစ်သည်။ ကြိုတင်ပြင်ဆင်မှု လုပ်ဆောင်နေဆဲ ကာလတွင် ရည်ရွယ်ချက်ရှိနမူနာပုံစံ (Purposive sampling) ကိုအသုံးပြုကာ မိမိကိုယ်စားပြုသော ကျေးရွာ၊ စခန်း၊ မြို့ တို့ကို ကောင်းစွာသိရှိနားလည်ပြီး မြေပြင်အခြေအနေများနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များကို အကောင်းဆုံး ပံ့ပိုးပေးနိုင်သူများကို ရွေးချယ်သတ်မှတ်ထားရမည်။ နှင်းဘောလုံး နမူနာ (Snowball sampling)[1] ကို ၎င်းတို့၏ရပ်ရွာအကြောင်း ကောင်းစွာနားလည်သိရှိရှိသည့် အဓိကသတင်း အချက်အလက် ပေးနိုင်သူKI များ နောက်ထပ် ရရှိရန် အသုံးပြုနိုင်သည်။

**နမူနာပုံစံအရွယ်အစား** - ကနဦးလိုအပ်ချက်လေ့လာဆန်းစစ်ခြင်း (RNA) စစ်တမ်းတွင် အဓိကသတင်းအချက်အလက် ပေးသူများသည် ဘေးဒဏ်ရသည့်လူထုတစ်ရပ်လုံးကို ကိုယ်စားပြုသည့်အတွက်ကြောင့် သတင်းအချက်အလက်များ ကောက်ယူရာတွင် ဘေးဒဏ်ခံရသည့်ဒေသ (စခန်း၊ ကျေးရွာ၊ မြို့) တိုင်းရှိ အဓိကသတင်းအချက်အလက်ပေးသူများ ပါဝင်စေရန် လုပ်ဆောင်ရမည်။ ဖြစ်နိုင်ပါက ဘေးဒဏ်ခံရသည့်နေရာတစ်ခုစီအတွက် အမျိုးသမီးများအပါအဝင် ကဏ္ဍတစ်ခုထက်ပိုသော (အောက်ဖော်ပြပါ) အဓိကသတင်းအချက်အလက်ပေးသူ ၃ ဦးထံမှ စစ်တမ်းကောက်ယူ သင့်သည်။ လူကိုယ်တိုင်စစ်တမ်းကောက်ယူပါက တူညီသော နည်းလမ်း (သို့) စာရွက်ပုံစံကို အဓိကသတင်း အချက်အလက် ပေးသူများနှင့်အတူ ပိုမိုမြန်ဆန်စွာ စစ်တမ်းကောက်ယူနိုင်ရန်အတွက် အသုံးပြုနိုင်သည်။

အဓိကသတင်းအချက်အလက်ပေးသူများတွင် မိမိတို့၏ရပ်ရွာလူထုကို ကောင်းမွန်စွာနားလည်သိရှိပြီး မြေပြင်ပေါ် ရှိ အလုံးစုံလိုအပ်ချက်များကို ပြောဆိုနိုင်သည့် ရပ်ရွာအသိုင်းအဝိုင်း၏ အောက်ပါအဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များ ပါဝင်နိုင်သည်။

- ဆရာ၊ ဆရာမများ။
- ကျန်းမာရေးလုပ်သားများ။
- ရပ်ရွာလူထုခေါင်းဆောင်များ။
- ဘာသာရေးခေါင်းဆောင်များ။
- စခန်း၊ စုရပ်ခေါင်းဆောင်များ။
- အမျိုးသမီးများ၊ မသန်စွမ်းသူများ (PWD) များနှင့် လိင်တူချစ်သူများ (LGBTIQ+) ကဏ္ဍအလိုက်အုပ်စုကိုယ်စားပြုသူများ (ဆန္ဒရှိ၍ လုပ်ဆောင်လိုပါက)
- လူငယ်များနှင့် ကလေးများ (မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ဖြင့်)
- မြေပြင်အခြေအနေများအား သိရှိသော ပြည်တွင်းအဖွဲ့အစည်းများမှ ဝန်ထမ်းများ (သို့) စေတနာ့ဝန်ထမ်းများ
- အခြားသက်ဆိုင်မှုရှိသော အဓိကသတင်းအချက်အလက်ပေးသူများ

[1] Snowball sampling သည် အခြားသော ဖြစ်နိုင်ချေရှိသော ဘာသာရပ်များကို ရှာဖွေဖော်ထုတ်ရာတွင် သုတေသီများအား ကူညီပေးရန် သုတေသနတွင် ပါဝင်သူများကို ခေါ်ယူသည့် နည်းပညာတစ်ခုဖြစ်သည်။

**<u>စစ်တမ်းကောက်ယူသူများ/ သတင်းအချက်အလက်စုဆောင်းသူများ</u>**

သတင်းအချက်အလက်စုဆောင်းမှုများ ပြုလုပ်နိုင်ရန် နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ရှိသည့် ကြိုတင်ပြုစုထားသော မိတ်ဖက်အဖွဲ့များ၏ စာရင်းကို ကြိုတင်ပြင်ဆင်မှု အဆင့်တွင် သတ်မှတ်ထားရှိရမည်။ ထိုစစ်တမ်းကောက်ယူသူများသည် ကျားမအခြေပြု လိင်အကြမ်းဖက်မှု၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး (သို့) အခြား ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ ဖြစ်ရပ်များကို ထုတ်ဖော်ပြောကြားချက်များ ရှိလာပါက မည်သို့လုပ်ဆောင်ရမည်နှင့် သင့်လျော်မှန်ကန်မှုရှိသော ညွှန်းပို့ရေးလမ်းကြောင်း ကိုသိရှိစေရန်၊ အရေးပေါ်အခြေအနေများ မဖြစ်ပွားမီ လေ့လာဆန်းစစ်မှုနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် (စာရွက်ပုံစံ၊ KoBo) နှင့် RNA ၏ တိုက်ရိုက်လေ့လာမှု အခန်းကဏ္ဍတို့အတွက် RNA စစ်တမ်းကောက်ယူမှုဆိုင်ရာ သင်တန်းများ တက်ရောက်ရမည်။

**အဝေးမှ သတင်းအချက်အလက်စုဆောင်းခြင်း** - မိတ်ဖက်အဖွဲ့အစည်းများအနေနှင့် သွားရောက်ခွင့်မရခြင်း၊ လုံခြုံမှုမရှိခြင်းနှင့် လုပ်ဆောင်နိုင်စွမ်းမရှိခြင်းကြောင့် မြေပြင်တွင် ကိုယ်တိုင်ကိုယ်ကျ စစ်တမ်း ကောက်ယူနိုင်ခြင်း မရှိပါက ကြိုတင်ပြုစုထားသည့် သတင်းအချက်အလက်ပေးသူများ စာရင်းကို အသုံးပြု၍ အဝေးမှ စစ်တမ်းကောက်ယူခြင်းအား နောက်ဆုံးနည်းလမ်းအဖြစ် ပြုလုပ်နိုင်သည်။ ယင်း အခြေအနေတွင် မြေပြင် အနေအထားများကို စစ်တမ်းကောက်ယူသူများ တိုက်ရိုက်မြင်တွေ့ခြင်း မရှိသောကြောင့် ယခင်အတွေ့အကြုံ ရှိပြီးဖြစ်သော ယုံကြည်ရသည့်မိတ်ဖက်များမှ တာဝန်ယူကူညီဆောင်ရွက်သည့် အခြေအနေများမှအပ RNA ၏ တိုက်ရိုက်လေ့လာခြင်း အပိုင်းကို ချန်လှပ်ခဲ့ရမည်ဖြစ်သည်။

**သတင်းအချက်အလက်ကာကွယ်ခြင်းနှင့် ဝေမျှခြင်း**

- စစ်တမ်းကောက်ယူသူများအနေနှင့် ဆက်လက်ဆက်သွယ်ရန်လိုအပ်သည့် ကိစ္စများအတွက် အဓိကဆက်သွယ်ရမည့်သူ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းများမှအပ စာရွက်ပုံစံများ (သို့) KoBo တွင် ကိုယ်ရေးအချက်အလက်များကို မှတ်တမ်းယူထားခြင်းမပြုရပါ။ ၎င်းအချက်အလက်များကို စစ်တမ်းကောက်ယူသည့် အဖွဲ့အစည်း (နှင့်/သို့) OCHA မှအပ အခြားသို့ဖြန့်ဝေမျှခြင်းများ မပြုလုပ်ရပါ။ အခြားအမည်များ၊ ကိုယ်ရေးအချက်အလက်များ (သို့) စခန်းအမှတ်များကို ကောက်ယူခြင်း မပြုလုပ်ရပါ။
- အီလက်ထရောနစ်ဖောင်များကို အင်တာနက် (ဝိုင်ဖိုင် သို့ 4G) ရသည်နှင့်တပြိုင်နက်ပေးပို့ရမည်။ အဆိုပါဖောင်များကို KoBo ဆာဗာတို့ ပေးပို့ပြီးသည်နှင့်တပြိုင်နက် tablet များနှင့် ဖုန်းများမှပယ်ဖျက်ရမည်။ ဖောင်များကို ပေးပို့ပြီးစီးခြင်း ရှိ/မရှိနှင့် ပယ်ဖျက်ပြီးခြင်း ရှိ/မရှိသေချာစေရန် Tablet များနှင့် ဖုန်းများကို နေ့စဉ်စစ်ဆေးရမည်။ Tablet များနှင့် ဖုန်းများကို အကာအကွယ်မဲ့ထားရှိခြင်းများ မပြုလုပ်ရန်နှင့် စကားဝှက်ဖြင့် ကာကွယ်ထားရန်ဖြစ်သည်။
- စာရွက်ပုံစံများဖြင့် စစ်တမ်းကောက်ယူပြီးပါက အဆိုပါစာရွက်များကို ကားထဲတွင် အကာအကွယ်မဲ့ ထားရှိခြင်းများနှင့် အိမ်သို့ယူဆောင်သွားခြင်းများ မပြုလုပ်ရပါ။ ဖြည့်စွက်ပြီးစာရွက်ပုံစံ များကို လေ့လာ ဆန်းစစ်ရေး ညှိနှိုင်းရေးမှူးထံသို့ ချက်ခြင်းပို့ဆောင်ရမည်။ စာရွက်များကိုတိုက်ရိုက် ပို့ဆောင်နိုင်ခြင်းမရှိပါက Soft copy အဖြစ် လုံခြုံစိတ်ချရသော အွန်လိုင်းပေါ် ရှိလမ်းကြောင်းများဖြင့် ပို့ဆောင်ကာ၊ ပြီးစီးသည်နှင့်တပြိုင်နက်ပယ်ဖျက်ရမည်။ အီးမေးလ်ဖြင့်ပို့ဆောင်ပါက စကားဝှက် အသုံးပြု၍ပို့ဆောင်ရမည်ဖြစ်ပြီး အဆိုပါစကားဝှက်ကို သီးခြားပေးပို့ထားသင့်သည်။

- လေ့လာဆန်းစစ်ရေး ညှိနှိုင်းရေးမှူးနှင့် အဖွဲ့ကသာ ပေးပို့ထားသည့်အချက်အလက်အကြမ်း သတင်းအချက်အလက် အပြည့်အစုံကို ကြည့်ရှုနိုင်မည်ဖြစ်သည်။ နောက်ဆုံးအဆင့်တင်ပြချက်များနှင့် ဝေမျှပြီးဖြစ်သော သတင်းအချက်အလက်များကို အမည်မသိဖြေဆိုချက်များအဖြစ် ပြောင်းလဲမည်ဖြစ်ပြီး ထိုသို့ပြောင်းလဲပြီးစီးသည်နှင့် တပြိုင်နက်လေ့လာဆန်းစစ်ရေး ညှိနှိုင်းရေးမှူးမှ OCHA သို့ အမြန်ဆုံး ပေးပို့ရမည်ဖြစ်သည်။
- ကြိုတင်ပြုစုပြီးဖြစ်သော အဓိကသတင်းအချက်အလက်ပေးသူများစာရင်းကို ရုတ်တရက် အရေးပေါ်အခြေအနေဖြစ်ပွားခဲ့သော် အသုံးပြုနိုင်ရန် ထိုသူတို့၏ သဘောဆန္ဒကိုရယူကာ ယုံကြည်မှုတည်ဆောက်ထားသော ဒေသတွင်းမိတ်ဖက်အဖွဲ့များထံတွင် သိမ်းဆည်းထားရှိမည်ဖြစ်သည်။ ဆက်သွယ်ရန်အချက်အလက်များကို လိုအပ်သည့်အချက်အလက်များသာ ထည့်သွင်းထားမည်ဖြစ်ပြီး စကားဝှက်အသုံးပြုကာ လျှို့ဝှက်ထားရှိမည်ဖြစ်သည်။ အဆိုပါအချက်အလက်များကို အခြားသို့ ဝေမျှခြင်းမပြုရပါ။
- စစ်တမ်းကောက်ယူသည့် အဖွဲ့အစည်း/လူပုဂ္ဂိုလ်များအကြားတွင် ထုတ်ဖော်ခြင်းမရှိသော သဘောတူညီချက်များကို လက်မှတ်ရေးထိုးထားရမည်။

**အဆင့်များ၊ လုပ်ဆောင်ချက်များနှင့် တာဝန်ခွဲဝေမှုများ**

| အဆင့် | အချိန်ကာလ | အဓိကကျသော လုပ်ဆောင်ချက်များ | တာဝန်များ | |
|---|---|---|---|---|
| | | | ဦးဆောင်သူ | ပါဝင်သူ |
| ကြိုတင်ပြင်ဆင်မှု | အရေးပေါ်အခြေအနေများ ရုတ်ချည်းမဖြစ်ပွားမီ | လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို စောင့်ကြည့်လေ့လာခြင်း | OCHA | Cluster coordinators |
| | | မိတ်ဖက်အဖွဲ့များမှ ရှိပြီးအချက်အလက်များကို မှီငြမ်း သတင်းအချက်အလက်အရင်းအမြစ် သုံးရန် စုစည်းကာစာရင်းပြုစုခြင်း။ | OCHA | Cluster coordinators |
| | | တုံ့ပြန်ဆောင်ရွက်မှုကို တည်ဆောက်နိုင်ရန် တည်ရှိပြီးဖြစ်သော လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်သူများနှင့် ရပ်ရွာအတွင်း ကူညီထောက်ပံ့ရေး ယန္တရားများအား သိရှိသတ်မှတ်ခြင်း။ | OCHA | Cluster coordinators, humanitarian partners |
| | | RNA ကိရိယာများ (စစ်တမ်းပုံစံများ၊ KoBo) ကို တည်ဆောက်ခြင်း။ | OCHA/ NMA WG | ICCG |

| | | | | |
|---|---|---|---|---|
| | | စစ်တမ်းကောက်ယူခြင်း၊<br>စိစစ်လေ့လာခြင်း၊<br>တင်ပြချက်မူကြမ်းရေးသားခြင်းများ အတွက် နည်းပညာပိုင်းကျွမ်းကျင်မှုရှိသော အဓိကတာဝန်ရှိသူများကို ကြိုတင်စာရင်းပြုစုခြင်း။ | OCHA | ICCG<br>NMA WG |
| | | RNA စစ်တမ်းကောက်ယူခြင်းနှင့် တုံ့ပြန်ဆောင်ရွက်မှုများအတွက် ဒေသတွင်းမိတ်ဖက်အဖွဲ့များကို ကြိုတင်သတ်မှတ် ထားရှိခြင်းနှင့် အချိန်နှင့်တပြေးညီ ပြုပြင်မွမ်းမံခြင်း။ | OCHA | ICCG<br>NMA WG |
| | | ဒေသအလိုက်<br>သတင်းအချက်အလက်ပေးသူများ ကို ကြိုတင်သတ်မှတ် ထားရှိခြင်းနှင့် အချိန်နှင့်တပြေးညီ ပြုပြင်မွမ်းမံခြင်း။ | OCHA<br>NMA WG | Assessment teams |
| | | စစ်တမ်းကောက်ယူရာတွင် သုံးစွဲမည့်စနစ်နှင့် ညှိနှိုင်းဆောင်ရွက်မှုများအတွက် သင်တန်းများပေးခြင်း။ | OCHA<br>NMA WG | ICCG, humanitarian partners |
| အရေးပေါ်အစည်းအဝေး | • ဝင်ရောက်ဆောင် ရွက်ရန် လိုအပ်လာနိုင်ခြေရှိသည့် ဘေးအန္တရာယ် ဖြစ်ပေါ်လာသည်နှင့် ချက်ချင်း ပြုလုပ်ပါ။<br>• ကြိုတင်သတိပေးချက် ရရှိချိန်တွင် တုံ့ပြန် ဆောင်ရွက်မှုလိုအပ် လာဖွယ်ခြေရှိသော ဘေးအန္တရာယ်ကို သိရှိ ချိန်တွင် ပြုလုပ်ပါ။ | RNA စတင်ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း။ | ICCG | NMA WG |

| | | | | |
|---|---|---|---|---|
| | • တုံ့ပြန်ဆောင်ရွက်ရန် လိုအပ်ကြောင်း ညွှန်ပြသည့် တဖြည်းဖြည်းဖြစ်ပွားခြင်း ဖြင့် ဖြစ်တတ်သော ဘေးအန္တရာယ်များ အစပျိုးသည့်အချိန် | သီးခြားညှိနှိုင်းဆောင်ရွက်ရေးတာဝန်များ သတ်မှတ်ခြင်း<br>● အလုံးစုံ ညှိနှိုင်းဆောင်ရွက်ရေး ဦးဆောင်ခြင်း<br>● မိုငြိမ်း သတင်းအချက်အလက် စုဆောင်းရေး ညှိနှိုင်း ဆောင်ရွက်ခြင်း<br>● ရပ်ရွာလူထုအဆင့် ညှိနှိုင်းဆောင်ရွက်ရေးမှူးနှင့် အဖွဲ့<br>● သတင်းအချက်အလက်များ စီမံခန့်ခွဲမှု ညှိနှိုင်းဆောင်ရွက်ခြင်း | ICCG<br>OCHA | Cluster coordinators<br>Cluster IMOs |
| မိုငြိမ်း (ရှိပြီးသား) သတင်းအချက် အလက်စုဆောင်းရေး | ဖြစ်ရပ်ဖြစ်ပွားပြီး ၂၄-၄၈ နာရီအတွင်း | ရရှိနိုင်သော မိုငြိမ်း သတင်းအချက်အလက်များ စုဆောင်း/ဝေမျှခြင်း | Assessment Coordinator | Cluster coordinators<br>Cluster IMOs<br>Stakeholders/ partner organizations |
| | | ရှိနေသော မိုငြိမ်း သတင်းအချက်အလက်များကို စုစည်း/စိစစ်လေ့လာခြင်း | ICCG<br>Assessment Coordinator | Cluster coordinators<br>Cluster IMOs<br>Stakeholders/ partner organizations |
| | ၇၂ နာရီအတွင်း | ရှိနေပြီးဖြစ်သော မိုငြိမ်း သတင်းအချက်အလက်များအပေါ် မူတည်၍ ကနဦးတွေ့ရှိချက်များ၊ တင်ပြချက်များ ထုတ်ပြန်ခြင်း။ | Assessment Coordinator | Field assessment team coordinator<br>Assessment team |
| အခြေခံသတင်း အချက်အလက် စုဆောင်းခြင်း | ဖြစ်ရပ်ဖြစ်ပွားပြီး တစ်ပတ်အတွင်း | RNA ၏ နယ်ပယ်ကို သတ်မှတ်ပါ။ (စခန်းများ၊ ကျေးရွာများ၊ မြို့များ။ ဖြေဆိုသူများ၏ နမူနာပုံစံ အရွယ်အစား၊ စစ်တမ်းကောက်ခံမှုပုံစံ - အဝေးမှကောက်ခံခြင်း/ လူကိုယ်တိုင် ကောက်ခံခြင်း) | Assessment Coordinator | Field assessment team coordinator<br>Assessment team |
| | | ကွင်းဆင်းလေ့လာမှုဆိုင်ရာ ဆက်နွယ်မှုအဆင့်များကို ပြန်လည်အတည်ပြုပြီး RNA အဖွဲ့ဖွဲ့စည်းခြင်း | Assessment Coordinator | Field assessment team coordinator<br>Assessment team |
| | | ဒေသတွင်း မိတ်ဖက်အဖွဲ့များ၊ လူထုခေါင်းဆောင်များ၊ | Assessment Coordinator | Field assessment team coordinator |

| | | | | |
|---|---|---|---|---|
| | | ဆရာ/ဆရာမများ အစရှိသူတို့ကြားရှိ အဓိကသတင်းပေးသူများ (စခန်း၊ ကျေးရွာ၊ အုပ်ချုပ်မှုအဆင့်) ကို ခွဲခြားသတ်မှတ်ခြင်း။ | | Assessment team |
| | | လိုအပ်သော တာဝန်ထမ်းဆောင်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ထောက်ပံ့ပို့ဆောင်ရေးအတွက် အစီအမံများကို လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ခြင်း။ | Assessment Coordinator | Field assessment team coordinator Assessment team |
| | | RNA စစ်တမ်းကောက်ခြင်း | Assessment Coordinator | Field assessment team coordinator Assessment team |
| ဆန်းစစ်လေ့လာခြင်း နှင့် နောက်အဆင့်များ | ဖြစ်ရပ်ဖြစ်ပွားပြီး တစ်ပတ်အတွင်း | RNA သတင်းအချက်အလက်များ ရှင်းလင်းခြင်း၊ စီမံပြုပြင်ခြင်း နှင့် ဆန်းစစ်လေ့လာခြင်း | Assessment Coordinator | IMO |
| | | ခွဲခြားသတ်မှတ်ထားသော သတင်းအချက်အလက်များ/ဆန်းစစ် လေ့လာမှုကို OCHA/NMA WG နှင့်ဝေမျှခြင်း | Assessment Coordinator | |
| | | မှိငြိမ်း သတင်းအချက်အလက်နှင့် အခြေခံသတင်းအချက်အလက်များ ကို ပေါင်းစည်းထားသော ကနဦးရှာဖွေတွေ့ရှိချက်များနှင့် တင်ပြချက်များ ထုတ်ပြန်ခြင်း | OCHA NMA WG | Cluster coordinators Assessment Team |
| | | ကနဦးရှာဖွေတွေ့ရှိချက်များနှင့် တင်ပြချက်များကို ဖြန့်ဝေခြင်း (HCT နှင့် ICCG အပါအဝင် သက်ဆိုင်ရာ နယ်ပယ်မှမိတ်ဖက်အဖွဲ့များ) | OCHA NMA WG | Cluster coordinators Assessment Team |
| | | အဓိကရှာဖွေတွေ့ရှိချက်များကို ပြန်လည်သုံးသပ်ကာ သဘောတူညီချက်ချမှတ်ပြီး MIRA နှင့် တုံ့ပြန်ဆောင်ရွက်ချက်များ စတင်ရန် လိုအပ်မှုရှိ/မရှိ ဆုံးဖြတ်ခြင်း | ICCG | NMA WG Cluster coordinators Assessment Team |
| | | MIRA SOPs ကိုကြည့်ရှုပါ။ | OCHA NMA WG | |